# "ကုမ္ပဏီများသို့အသိပေးကြေညာချက်"

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသည်-

(က) နိုင်ငံခြားကုမ္ပဏီများမှ နိုင်ငံခြားသားဒါရိုက်တာများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊

( ခ) နိုင်ငံခြားကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများမှ ခန့်ထားသော နိုင်ငံခြားသားပညာရှင်များနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ပြည်ဝင်ခွင့် ဗီဇာ သက်တမ်းတိုးခြင်း ကိစ္စများ အတွက် ထောက်ခံဆောင်ရွက် ပေးလျက် ရှိပါသည်။

၂။ ဌာနအနေဖြင့် ဗီဇာသက်တမ်းတိုး ထောက်ခံနိုင်ရေး အတွက် စိစစ်ရာတွင် အထောက်အကူ ဖြစ်စေရန် ကုမ္ပဏီများအနေဖြင့် အောက်ပါအချက်အလက်များကို ပြည့်စုံစွာ တင်ပြရန်လိုအပ်ပါသည်-

(က) ညွှန်ကြားရေးမှူးချုပ်ထံသို့ လိပ်မူထားသော အုပ်ချုပ်မှုဒါရိုက်တာ လက်မှတ်ရေးထိုးထား သည့်လျှောက်လွှာ

(ခ) နိုင်ငံခြားသား ဝန်ထမ်းခန့်အပ်ခြင်းအတွက် ကိစ္စအရပ်ရပ်အား တာဝန်ယူကြောင်း အုပ်ချုပ်မှု ဒါရိုက်တာ၏ ကတိဝန်ခံချက်

(ဂ) နိုင်ငံကူးလက်မှတ် မိတ္တူ၊ ဓါတ်ပုံ (၂) ပုံ (ကာလာဖြင့် 1.5 x 2 Inches)

(ဃ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူ၊ Form of Permit နှင့် ပုံစံ(၂၆) (သို့) ပုံစံ(၁၈)မိတ္တူ

(င) ကုမ္ပဏီမှ ဆောင်ရွက်နေသည့် လုပ်ငန်းကို တိကျစွာဖော်ပြရန်၊ လုပ်ငန်းနှင့်သက်ဆိုင်သည့် ဌာန (သို့မဟုတ်) အဖွဲ့အစည်းမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင် (သို့မဟုတ်) အခွန်ပေးဆောင်ထားသည့် အထောက်အထား တင်ပြရန်၊

(စ) ကုမ္ပဏီတွင် ခန့်အပ်ထားသော နိုင်ငံခြားသားဝန်ထမ်း စာရင်း နှင့် နိုင်ငံသားဝန်ထမ်းစာရင်းတို့အား အုပ်ချုပ်မှုဒါရိုက်တာမှ လက်မှတ်ရေးထိုးတင်ပြရန်

(ဆ) နိုင်ငံခြားသား ဒါရိုက်တာ(သို့) ပညာရှင်ကိုယ်တိုင် လာရောက်နိုင်ခြင်းမရှိပါက မန်နေဂျင်း ဒါရိုက်တာ (သို့မဟုတ်) ဒါရိုက်တာလက်မှတ်ရေးထိုး ထားသည့် ကိုယ်စားလှယ်လွှဲစာ

(ဇ) နိုင်ငံခြားသားအား မိမိလုပ်ငန်းတွင် တာဝန်ပေးခန့်အပ်ထားကြောင်း စာချုပ်အထောက် အထား (Contract) မိတ္တူနှင့် နိုင်ငံခြားသား ကျွမ်းကျင်သူ ပညာရှင်များ အတွက် ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်

(ဈ) နိုင်ငံခြားသားအား ကုမ္ပဏီတွင် ပေးအပ်သည့်ရာထူးနှင့် တာဝန်ကို တိတိကျကျ ဖော်ပြရန်

၃။ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်သော ကုမ္ပဏီဖြစ်လျှင် စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့သာ လျှောက်ထားရန် ဖြစ်ပါသည်။

၄။ ဗီဇာသက်တမ်း မကုန်ဆုံးမီ (၃) ပတ်အလို နောက်ဆုံးထား၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရမည်။ သက်မှတ်ကာလထက် နောက်ကျမှ တင်ပြလာသော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၅။ ဗီဇာသက်တမ်းတိုးလျှောက်ထားရာတွင် လုပ်ငန်းပိုမိုလွယ်ကူချောမွေ့စေရေးအတွက် ဌာန၏ လိုအပ်ချက်များကို ကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ် ပါသည်။

၆။ ဤကြေညာချက်မှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် စတင် အကျိုးသက်ရောက်မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန**
ဗီဇာသက်တမ်းတိုးမြှင့်ရန် စိစစ်ချက် လျှောက်လွှာ

၁။ အမည် -
၂။ နိုင်ငံသား -
၃။ ပတ်စ်ပို့ -
(က)ထုတ်ပေးသည့်နေ့စွဲ -
(ခ)ထုတ်ပေးသည့်နေရာ -
(ဂ)သက်တမ်းကုန်ဆုံးရက် -
၄။ အလုပ်အကိုင် -
၅။ ကုမ္ပဏီအမည်နှင့် လိပ်စာ -
၆။ နိုင်ငံခြားတွင်နေထိုင်သည့်လိပ်စာ -
၇။ မြန်မာနိုင်ငံတွင်နေထိုင်သည့်လိပ်စာ -
၈။ ဗီဇာသက်တမ်းကုန်ဆုံးသည့်နေ့ -
၉။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် သက်တမ်းတိုးတင်သည့်အကြိမ် -
၁၀။ ကုမ္ပဏီမှခန့်အပ်ထားသည့်တာဝန် -
၁၁။ မြန်မာနိုင်ငံသို့ လာရောက်ရသည့် ရည်ရွယ်ချက် -
၁၂။ ဗီဇာသက်တမ်းတိုးမြှင့်သည့်ကာလ -
၁၃။ ဗီဇာအမျိုးအစား(တစ်ကြိမ်/အကြိမ်ကြိမ်) -
၁၄။ လျှောက်ထားသည့်ကုမ္ပဏီ၏စီးပွားရေး လုပ်ငန်းအခြေအနေ(အကျဉ်းချုပ်) -

အထက်ပါ ဖြည့်စွက်ချက်များ မှန်ကန်ပါကြောင်း တာဝန်ယူပါသည်။

လျှောက်ထားသူလက်မှတ်

ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာ/ရုံးခွဲ
တာဝန်ခံလက်မှတ်

အမည်
ရာထူး

အမည်
ရာထူး